၂၀၁၈ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

သမိုင်း | ခွင့်ပြုချိန် (၃) နာရီ

သတိပြုရန်။ ။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ **(၁၀မှတ်)**

(၁) အိန္ဒိယမှပင်စစ်ကူအမြောက်အမြားကိုခေါ်ယူပြီး -------- ကိုဗိုလ်ချုပ်ခန့်ကာစစ်ဌာနချုပ်တစ်ခုဖွင့်လှစ်လျက် နည်းမျိုးစုံအသုံးပြုပြီး ရက်စက်စွာ နှိမ်နင်းခဲ့ရသည်။

(၂) ၁၉၄၆ဖေဖော်ဝါရီ... 

(၂) ၁၉၄၆ဇွန်တွင် သိမ်ဖြူကွင်း၌ ဖဆပလကြီးမှူး၍ -------- ကန့်ကွက်ပွဲပြုလုပ်ရာ လူတစ်သိန်းကျော် တက်ရောက်ခဲ့သည်။

(၃) ဆာဟူးဘတ်ရန့်ဘုရင်ခံအဖြစ် ရောက်ရှိလာပြီးနောက် -------- ကို ဖဆပလခေါင်းဆောင်များနှင့် ၁၉၄၆ စက်တင်ဘာတွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

(၄) ပြည်သူ့ရဲဘော်အဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်က စည်းကမ်းကျနစွာဖွဲ့စည်းထားသော -------- ၏ ကျောထောက်နောက်ခံတပ်ဖြစ်၏။

(၅) ၁၉၆၆မေတွင် မိုင်၁၅၀ခန့်ရှည်လျားသည့် -------- နယ်နမိတ်သတ်မှတ်၍ နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ကြသည်။

(၆) ပထမကမ္ဘာစစ်ဖြစ်စေသည့် နိုင်ငံရေးအကြောင်းရင်းတစ်ရပ်မှာ ဥရောပနိုင်ငံအချင်းချင်း စစ်ရေးကြံ့က ကူညီတိုက်ခိုက်ရန်အတွက် -------- အဖွဲ့များအပြိုင်အဆိုင်ဖွဲ့စည်းလာကြခြင်းဖြစ်သည်။

(၇) ရုရှဆိုရှယ်လစ်တော်လှန်ရေးအောင်မြင်မှုသည် -------- အမျိုးသားလှုပ်ရှားမှုကိုများစွာ အကျိုးပြုပေသည်။

(၈) ၁၉၄၇တွင် အနောက်အရင်းရှင်နိုင်ငံတို့အား နိုင်ငံပြန်လည် ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် -------- ဖြင့် အမေရိကန်နိုင်ငံက ငွေကြေးထောက်ပံ့မှုများ ပေးခဲ့သည်။

(၉) ဒုတိယကမ္ဘာစစ်တွင်မာရှယ်တီးတိုး ဦးဆောင်သည့် အမျိုးသားလွတ်မြောက်ရေး တပ်ဦးက ၁၉၄၅တွင် ဘုရင်ကို ဖြုတ်ချပြီး -------- ပြည်သူ့သမ္မတနိုင်ငံထူထောင်ခဲ့သည်။

(၁၀) ၁၉၄၇ခုနှစ်ဇွန်လ၅တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျော့မာရှယ်က မာရှယ်စီမံကိန်းအရ --------သည်ဥရောပစီးပွားရေးပြန်လည်ထူထောင်ရေးအတွက်ဒေါ်လာသန်းတစ်သောင်း ထောက်ပံ့ခဲ့သည်။

[ တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြချက်များကို **'မှား' (သို့မဟုတ်) 'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) မြန်မာနိုင်ငံသည် အရင်းရှင်နယ်ချဲ့စနစ်ကို တော်လှန်ဖယ်ထုတ်နိုင်ခဲ့သော်လည်း အရင်းရှင်စနစ်၏ အဖောက်ပြန်ဆုံး၊ အဆိုးရွားဆုံးဖြစ်သော ဖက်ဆစ်စနစ်နှင့် ၁၉၄၂တွင် ရင်ဆိုင်လာရသည်။

(၂) ကိုလိုနီခေတ်တွင်ပဒေသရာဇ်လူနေမှုစနစ်မှဆိုရှယ်လစ်လူနေမှုစနစ်သို့ပြောင်းလဲလာခဲ့သည်။

(၃) ဆိုရှယ်လစ်လူ့အောင်တည်ဆောက်ရာတွင် တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစားများသည် အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သည်။

(၄) ပါရီညီလာခံက အတည်ပြုလိုက်သည့် ငြိမ်းချမ်းရေး စာချုပ်မူကြမ်းကို ၁၉၁၉ ဇွန်၂၈တွင် ပြင်သစ်နိုင်ငံဗာဆိုင်းနန်းတော်၌ဂျာမနီနိုင်ငံနှင့်မဟာမိတ်နိုင်ငံများလက်မှတ်ရေးထိုးကြသည်။

(၅) ဂျပန်တို့ဒုတိယကမ္ဘာစစ်အတွင်းဝင်လာသော ၁၉၄၂တွင်ဟော်လန်နိုင်ငံသည်ဂျပန်၏မဟာမိတ်ဖြစ်သော အီတလီ၏လက်အောက်ရောက်နေပြီဖြစ်သည်။

၁။ (ဂ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) အမျိုးသားကောလိပ်ကြီး တည်တံ့နေနိုင်ခြင်းမှာ -------- အဖွဲ့ကြီးနှင့်ပြည်သူတို့၏အားပေးမှုတို့ကြောင့်ဖြစ်သည်။

(က) ဂျီစီဘီအေ (ခ) ဝိုင်အမ်ဘီအေ (ဂ) ဝံသာနု

(၂) ပထမကမ္ဘာစစ်အပြီးခန့်တွင် ကလောင်သွေးစလူငယ်များသည် -------- တွင် အခမဲ့ဝင်ရောက်ရေးကြရင်း စာပေအရေးအသား တိုးတက်လာကာ စာဖတ်ပရိသတ်၏ အသိအမှတ်ပြုခြင်းကိုခံရသည်။

(က) တိုးတက်ရေးမဂ္ဂဇင်း (ခ) သက်စောင့်မဂ္ဂဇင်း (ဂ) ကြီးပွားရေးမဂ္ဂဇင်း

(၃) ငြိမ်းချမ်းရေးမူ ၁၄ချက်အနက် နောက်ဆုံးအချက်မှာ နိုင်ငံတိုင်း၏ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို အာမခံချက်ပေးမည့် -------- ဖွဲ့စည်းတည်ထောင်ရန်ဖြစ်သည်။

(က) နိုင်ငံပေါင်းချုပ်အသင်းကြီး (ခ) ကောင်စီ (ဂ) ညီလာခံ

(၄) ဖက်ဆစ်ပါတီကွန်ဂရက်ကို၁၉၂၂အောက်တိုဘာလတွင် -------- မြို့၌ကျင်းပရာပါတီဝင်ငါးသောင်းခန့်စုရုံးခဲ့ကြသည်။

(က) လန်ဒန် (ခ) နေပယ် (ဂ)ဝါရှင်တန်

(၅) ဗီယက်မင်းတို့သည် -------- ဦးဆောင်သော ပြောက်ကျားတပ်ဖွဲ့များဖွဲ့စည်းခဲ့သည်။

(က) ဟိုချီမင်း (ခ) ငုယင်ဂီယပ် (ဂ) ဗိုငုယင်ဇပ်

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကိုမှတ်စုတိုရေးပါ။ **(၂၀ မှတ်)**

(က) ဘီဒီအေ (၅) မှတ်

(ခ) ရာထူးဝန်အဖွဲ့ (၅) မှတ်

(ဂ) အိမ်စောင့်အစိုးရ၏လုပ်ငန်းစဉ်များ (၅) မှတ်

(ဃ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (၅) မှတ်

(င) အိန္ဒိယအမျိုးသားကွန်ဂရက် (၅) မှတ်

(စ) စပိန်ပြည်တွင်းစစ် (၅) မှတ်

(ဆ) အမေရိကန်ဦးဆောင်သောအနောက်အုပ်စုပေါ်ပေါက်လာခြင်း (၅) မှတ်

(ဇ) အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO) (၅) မှတ်

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) အမျိုးသားရေးစိတ်ဓာတ်နှင့်နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တိုးတက်အခြေခိုင်လာစေရန် အများဆုံးလှုံ့ဆော်ပေးခဲ့သော ဂျီစီဘီအေ ခေါ် မြန်မာ့အသင်းချုပ်ကြီး (၁၉၂၀-၁၉၃၀) အကြောင်း ရေးသားပါ။ (၁၅) မှတ်

(၂) ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်ပွားစေရန် ဖန်တီးပေးလာသော အခြေအနေများကို တင်ပြပါ။ (၁၅) မှတ်

(၃) အင်္ဂလိပ်တို့မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သောဒိုင်အာခီအုပ်ချုပ်ရေးအကြောင်း ဖြေဆိုပါ။ (၁၅) မှတ်

(၄) ဖဆပလနှစ်ခြမ်းကွဲရခြင်းအကြောင်းရင်းကို ဖော်ပြပါ။ (၁၅) မှတ်

(၅) ပထစအစိုးရ (၁၉၆၀-၁၉၆၂) လက်ထက် မြန်မာနိုင်ငံအခြေအနေများကို ရှင်းပြပါ။ (၁၅) မှတ်

[ တစ်ဖက်သို့

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ပထမကမ္ဘာစစ်ဖြစ်ရသည့်အကြောင်းရင်းများအနက်အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လာခြင်းကို တင်ပြပါ။ (၁၅) မှတ်

(၂) အိန္ဒိယနိုင်ငံတွင် ဂန္ဒီနှင့်ကွန်ဂရက်ပါတီလှုပ်ရှားမှုအကြောင်း ပြည့်စုံစွာဖြေဆိုပါ။ (၁၅) မှတ်

(၃) ဟစ်တလာသည်ဂျာမန်လူမျိုးကြီးဝါဒကိုအကောင်အထည်ဖော်သည့်အနေဖြင့် သြစတြီးယားနှင့် ချက်ကိုစလိုဗားကီးယားနိုင်ငံတို့အားကျူးကျော်သိမ်းပိုက်ခဲ့ခြင်း အကြောင်းရေးသားပါ။ (၁၅) မှတ်

(၄) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် ပေါ်ပေါက်လာပုံကို ရေးသားပါ။ (၁၅) မှတ်

(၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ပြီးနောက် စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်ချက်များကို တင်ပြပါ။ (၁၅) မှတ်

---